# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်စျေးကွက်သတင်းလွှာ

April 8 , 2026 Volume 101 , Number 6


၈. ၄. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၃.၁၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၇.၃၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၂၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၈.၉၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၇.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၇.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၅၆ ကျပ် |


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## သမဝါယမစနစ်ကြောင့် ဝါစိုက်တောင်သူများ စျေးကွက်ရရှိကာ စျေးနှိမ်ခံခြင်း မရှိတော့ဟုဆို



သမဝါယမစနစ်ကြောင့် ဝါစိုက်တောင်သူများစျေးကွက်ရရှိကာ စျေးနှိမ်ခံရခြင်းမရှိတော့ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိုက်စိုးကပြောသည်။

ဧပြီလ ၇ ရက်က ဝါစိုက်တောင်သူများစျေးကွက်ရရှိစေရန်နှင့် ဝါကြိတ်စက်၊ ရက်ကန်းစက်များအတွက် ကုန်ကြမ်းများရရှိစေနိုင်ရေးရည်ရွယ်၍ နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ“လှ”ချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်၏ အသင်းအမှုဆောင်များ၊ ဝါစိုက်တောင်သူများနှင့်တွေ့ဆုံစဉ်ဒုတိယဝန်ကြီးကပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံစဉ် “လှ” ချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်ကို ယခုကဲ့သို့ တည်ထောင်နိုင်ခြင်းအားဖြင့် နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်စသည့်မြို့နယ်များမှ သမဝါယမအသင်းသား ဝါစိုက်တောင်သူများ စိုက်ပျိုးထုတ်လုပ်သော ဝါများကို စျေးကောင်းပေး၍ ဝယ်ယူကာ ကြိတ်ခွဲထုတ်လုပ်ပေးနိုင်သည့်အတွက် တောင်သူများအတွက် စျေးကွက်ရရှိကာ စျေးနှိမ်ခံရသည့် ကိစ္စများဖြစ်လာခြင်း မရှိတော့ကြောင်း ၎င်းကပြောသည်။

ထို့ပြင် သမဝါယမကဏ္ဍမှ ဝါကြိတ်စက်၊ ဝါဖိစက်နှင့် စက်ရက်ကန်းရုံ တည်ထောင်လည်ပတ်ခြင်းဖြင့် ပြည်တွင်းချည်ချောထုတ်လုပ်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး ပြည်တွင်းသုံးစွဲမှုဖူလုံရုံသာမက ပြည်ပသို့ပါ တိုးမြှင့်တင်ပို့နိုင်ရေး အတွက် တာဝန်ရှိသူများ သမဝါယမစနစ်ဖြင့် ပံ့ပိုးကူညီပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင်

တက်ညီလက်ညီအားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားခဲ့ကြောင်းသိရသည်။

နေပြည်တော်၊ တပ်ကုန်းမြို့နယ်တွင် "လှ" ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ဝါကြိတ်စက်၊ ဝါဖိစက်နှင့် ရက်ကန်းရုံလုပ်ငန်းများကို အခြေခံပြီး ဝါစိုက်တောင်သူများအတွက် ဈေးကွက်ရရှိကာ ဈေးနှိမ်မခံရစေရန် သမဝါယမစနစ်ဖြင့် ဈေးကွက်ဖန်တီးပေးနိုင်ခဲ့ကြောင်းသိရသည်။

"လှ" သမဝါယမအသင်း တည်ထောင်နိုင်ခြင်းကြောင့် နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များမှ ဝါစိုက်တောင်သူများ ထုတ်လုပ်သောဝါများကို ဈေးကောင်းပေး၍ဝယ်ယူနိုင်လာပြီး ယခင်ကကဲ့သို့ ဈေးနှိမ်ခံရခြင်းများ လျော့နည်းသွားကြောင်းသိရသည်။

ထို့ပြင် ဝါကြိတ်စက်၊ ဝါဖိစက်နှင့် စက်ရက်ကန်းရုံများ တည်ထောင်လည်ပတ်နိုင်ခြင်းသည် ပြည်တွင်းချည်ချောထုတ်လုပ်မှု တိုးမြှင့်ရန်သာမက တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ပြည်ပသို့တင်ပို့နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

"လှ" ချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်မှ ရက်ကန်းစက်ရုံတွင် ရက်ကန်းစင် ၃၅ စင် တပ်ဆင် လည်ပတ်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိစင် ၂၀ လည်ပတ်လျက်ရှိကြောင်း၊ ရက်ကန်းစင်တစ်စင်သည် ရှစ်နာရီ တစ်ဆိုင်းလျှင် ပိတ်ကိုက် ၈၀ ထွက်ရှိပြီး တစ်ရက်လျှင် ပိတ်အုပ်ကိုက် ၁၂၀ ထွက်ရှိကြောင်း၊ စက်ရုံမှ ကလေးအနှီးပိတ်များ၊ ဆေးရုံ ဆေးခန်း သုံးပတ်တီး များ၊ စောင်၊ လုံချည်၊ အထက်ဆင်များကို ရက်လုပ်ကြောင်း သိရသည်။

ဝါကြိတ်စက် အတွက် စက်ရုံမှ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်များရှိ ကျေးရွာသမဝါယမအသင်း သားဝါစိုက်တောင်သူများထံမှ ၂၀၂၅ - ၂၀၂၆ ဝါရာသီတွင် ဝါပိဿာချိန် ၁၀၅,၀၀၀ ကို ပြင်ပပေါက်ဈေးထက် ဈေးပိုပေး၍ ဝယ်ယူနိုင်ခဲ့ပြီး လာမည့် ၂၀၂၆-၂၀၂၇ နှစ်တွင် ပိဿာချိန် သုံးသိန်းခန့် ဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဝါကြိတ်ခွဲ၍ ထွက်ရှိလာသော ဝါစေ့များကိုလည်း ကြိတ်ခွဲ၍ ဆီထုတ်လုပ်နိုင်ရေးအတွက် ဆီကြိတ်စက် တပ်ဆင် လည်ပတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source :** https://www.npnewsmm.com/

## ဆီကားဟောင်းများအပ်၍ EV ကားသွင်းမည့်အပေါ် ကားဝယ်မည့်သူများ ဈေးကွက်စောင့်ကြည့်နေ



၂၀၀၀ ပြည့်နှစ်အောက် စက်သုံးဆီယာဉ်အိုယာဉ်ဟောင်းများအပ်နှံ၍ EV ကား ပြန်လည်တင်သွင်းမည့် စနစ် သတင်းထွက်ပေါ်လာသောကြောင့် EV ဝယ်မည့်သူများ ဈေးကွက်ကိုစောင့်ကြည့်နေကြောင်း ကားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

စက်သုံးဆီသုံးစွဲမှု လျော့ချနိုင်ရန်အတွက် စက်သုံးဆီသုံးယာဉ်အို ယာဉ်ဟောင်းအပ်နှံပြီး EV ကား ပြန်လည်တင်သွင်းသည့်စနစ်ကို ပြီးခဲ့သည့် မေ ၁ ရက်က ကျင်းပသည့် စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော ဓာတ်မြေသြဇာ လုံလောက်စွာရရှိရေး အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

"အခုတချို့ဆိုရင် EV တွေ ပြန်အမြင့်ဈေးနဲ့ဝယ်ထားတဲ့လူတွေ ပြန်ရောင်းလာနိုင်တဲ့ဟာတွေရှိတယ်၊ ရောင်းလည်းရောင်းနေကြတယ်၊ တချို့ဝယ်မယ်ဆိုတဲ့လူတွေကလည်း နည်းနည်းနောက်ပြန်ဆုတ်သွားတဲ့လူတွေလည်းရှိတယ်၊ အခုမြေပြင်မှာပေါ့" ဟုဧင်းကပြောသည်။

ယခုထွက်ပေါ်လာသော စနစ်သည် အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးနေသည့် အနေအထားဖြစ်၍ မူဝါဒမထွက်ပေါ်သေးသည့်အတွက် ကားဈေးကွက်အခြေအနေကို ကြိုတင်မခန့်မှန်းနိုင်ကြောင်း ၎င်းကဆိုသည်။

"မူဝါဒရယ်လို့ တိတိကျကျထုတ်ပြန်ခြင်းမရှိသေးတဲ့အခါကျတော့ စောသေးတာပေါ့။ တကယ် EV Policy ကိုဖော်ဆောင်ဖို့ဆောင်ရွက်နေတဲ့ အရင်ကတည်းကချမှတ်ထားတဲ့ Policy ကတော့ရှိတာပေါ့။ ၂၀၅၀ ရောက်ရင် အကုန်လုံးက ၁၀၀ ရာခိုင်နှုန်းက EV ပြောင်းလဲမဲ့မူဝါဒနဲ့ရည်ရွယ်ချက်တော့ရှိတာပေါ့။တစ်ဖြည်းဖြည်းနဲ့ စက်သုံးဆီတင်သွင်းတာလျော့သွားဖို့ရယ်၊ စက်သုံးဆီသုံးစွဲတာလျော့သွားဖို့က အစားထိုးတဲ့နည်းနဲ့က သွားဖို့ကတော့ တစ်ဖြည်းဖြည်းလုပ်ဆောင်သွားမယ်လို့မြင်တာပေါ့။ လတ်တလောချက်ချင်းဈေးနှုန်းကျဖို့ကတော့ ယာဉ်ဟောင်းအပ်ပြီးတော့ ထွက်လာမဲ့ Policy ပေါ့။ ထွက်လာမှပဲ ပြောလို့ရမှာ။ အတိအကျတော့မပြောနိုင်သေးဘူး"ဟု၎င်းကဆက်လက်ပြောသည်။

လက်ရှိတွင် စက်သုံးဆီအခက်အခဲကြောင့် စုံ /မ ကားခွဲခြားသည့်ကြေညာချက်နှင့်အတူ EV ကားတစ်စီးလျှင် ယခင်ဈေးထက် ၂၀ ရာခိုင်နှုန်း မြင့်တက်သွားပြီး အချို့ EV Car အရောင်းပြခန်းများအနေဖြင့် EV ကားအရောင်းရပ်နားထားမှုလည်းရှိနေကြောင်း သိရသည်။

ထို့ပြင် ယခင်က လမ်းတံတား အသုံးပြုခ ကင်းလွတ်ခွင့်ပေးထားသော EV ယာဉ်များကို ဧပြီလ ၁ ရက်မှ စတင်ကာ သတ်မှတ်ထားသည့်ယာဉ် အမျိုးအစားအလိုက်နှုန်းထားများ ကောက်ခံနေပြီဖြစ်ကြောင်း သိရသည်။

Source : https://www.npnewsmm.com/

## နွေစပါးစိုက်ပျိုးထားရှိမှုနှင့် မနောသုခဆန်ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ



အပူပိုင်းဒေသဖြစ်သော မြင်းခြံခရိုင်အတွင်းရှိ တောင်သာမြို့နယ်သည် စပါးမျိုးကောင်း မျိုးသန့် စိုက်ပျိုးဖြစ်ထွန်းမှု နည်းသောကြောင့် မနောသုခစပါးမျိုးကို ဒေသတွင်းစားသုံးရန်အတွက်သာ စိုက်ပျိုးကြောင်း၊ စိုက်ပျိုးသော ကျေးရွာများမှာ ဆင်တဲဝကျေးရွာ၊ အိုင်သာကျေးရွာ၊ ကျောက်တစ်လုံး ကျေးရွာနှင့် ခါတက်ကုန်းကျေးရွာတို့တွင် ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားကြောင်း၊ ၂၀၂၅ – ၂၀၂၆ခုနှစ်၊ အဆိုပါကျေးရွာတို့၌ နွေစပါးစိုက်ဧက ၆၀ ဧကခန့် စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခင်နှစ်တစ်ဧက အထွက်နှုန်းအနေဖြင့် ၈၀ တင်း ခန့်ထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ် နွေစပါးစိုက်ပျိုး ထွက်ပေါ်ချိန်တွင် စပါးတစ်တင်းခွဲ တစ်အိတ်လျှင် ၃၀,၀၀၀ ကျပ်ခန့် ပေါက်ဈေးရှိခဲ့ကြောင်း၊ စပါးစိုက်ပျိုးမှုနည်းသောကြောင့် စပါး အရောင်းအဝယ်အနေဖြင့် ဈေးကွက်မရှိကြောင်း၊ စပါးအစိုဓာတ်ကို ၁၃ ရာခိုင်နှုန်း၊ ၁၄ ရာခိုင်နှုန်းတွင် မျက်မြင်ခန့်မှန်းဖြင့်ဆုံးဖြတ်ကြကြောင်း၊ ရိတ်သိမ်းထွက်ရှိသော စပါးများကို ကျေးရွာရှိ ဆန်စက်များတွင် ကြိတ်ခွဲပြီးထွက်ရှိသော ဆန်သားများကိုသာ ကျေးရွာအတွင်းစားသုံးရန် အရောင်းအဝယ် ပြုလုပ်ကြကြောင်း၊ ၂၀၂၆ခုနှစ်၊ မတ်လ၌ မနောသုခမိုး တစ်တင်းခွဲတစ်အိတ်လျှင် ဒေသတွင်းပေါက်ဈေး ၈၀,၀၀၀ ကျပ်ခန့်ရှိကြောင်း၊ နွေစပါးများကို မတ်လ၊ ဧပြီလနှင့် မေလတွင်တို့တွင် စတင်စိုက်ပျိုးပြီး ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ရိတ်သိမ်းထွက် ပေါ်မည်ဖြစ်ပေါ်ကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးထားသောနွေစပါးများမှာ စိုက်ပျိုးရေးဦးစီးဌာနမှ ပန်းတိုင်အထွက်နှုန်းကောင်းမျိုး မနောသုခမျိုးများကို စိုက်ပျိုးထားကြောင်း၊ ရာသီဥတု၊ အပင်ပြုစုမှု၊ သွင်းအားစုနှင့် အချိန်မှန် ရေသွင်းနိုင်ပါက နွေစပါးများအထွက်နှုန်း ကောင်းနိုင်ကြောင်း၊ ကျောက်တစ်လုံးကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA မန္တလေး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃၀-၃-၂၀၂၆ မှ ၃-၄-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃,၀၈၇,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၃,၄၃၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၄၁,၀၀၀ ၊မတ်ပဲ SQ/RC (2026 Crop) ကျပ် ၄၄,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၅၀,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2026 Crop) ကွန်တိန်နာ ၂၂၀ လုံး (တန်ချိန် ၅၂၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၂၂၀ လုံး (တန်ချိန် ၅၂၈၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၅,၅၀၀၊ မြားနီ(သစ်) ကျပ် ၁၆,၅၀၀ ၊ ဆင်ဖြူကွျန်း (ပု) ကျပ် ၂၇,၀၀၀ ၊ဟသ်ာတ မိုးထောင် ကျပ် ၁၅,၅၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၂၅၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဟသ်ာတ မိုးထောင် ကျပ် ၁၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၉၀၀၀ (၁၈၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၇၅၀ (၂၆,၂၅၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၀,၅၀၀ (၂၁၀,၀၀၀ ပိဿာ) နှင့်ငရုတ်ပုအိတ်ပေါင်း ၁၄၀၀ (၂၁,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ် ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၃၅၀ (၅,၂၅၀ ပိဿာ)လျော့နည်း ဝင်ရောက် ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၅၅၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၈၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၂၀၀၊ ညောင်ဦးဆေးရုယ်(ထန်း) ကျပ် ၆၇၀၀၊ ပခုက္ကူကြိမ်း (သစ်)ကျပ် ၅၈၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၄၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၄၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃၀-၃-၂၀၂၆ မှ ၃-၄-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀၀ ၊ မြစ်သားသစ်ရှယ် ကျပ် ၂၄၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၃၁၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၂၇၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၈၀၀ အသီး သီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀ နှင့် ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၅၄ စီး (၉၂၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၈၅ စီး (၁,၁၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၁ စီး ( ၁၈၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၃,၈၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၅၀၀၊ အောင်ပန်းထူး -၃ ကျပ် ၆၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၂၃၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၅၀၀၀ (၁၅၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၄၈၀၀ (၁၄၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၂၀၀ (၆,၀၀၀ ပိဿာ) လျော့နည်းဝင် ရောက်ခဲ့ကြောင်း သိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၂၃၀၀၊ အောင်ပန်း OK ကျပ် ၂၈၀၀၊ အောင်ပန်း S1 ကျပ် ၂၈၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၅၂ စီး (၃၁၂,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၂၂ စီး (၁၃၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရ သည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ၅ နှစ်တာကာလအတွင်း ကမ္ဘောဒီးယား၏ ပီလောပီနံတင်ပို့မှုနှစ်ဆမြင့်တက်လာ

ပီလောပီနံသည် ကမ္ဘောဒီးယား၏ ပြည်ပသို့တင်ပို့နေသည့် လယ်ယာထွက်ကုန်များအနက် တင်ပို့မှုအများဆုံး အလားအလာရှိသည့် သီးနှံတစ်ခုဖြစ်လာကြောင်းသိရသည်။

၂၀၂၅ ခုနှစ်တွင် ပီလောပီနံအစို၊ အခြောက်အပါအဝင် ပီလောပီနံအမှုန့်တို့အား နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခဲ့ပြီး ဒေါ်လာသန်း ၇၀၀ ကျော်ရရှိခဲ့ကြောင်းကမ္ဘောဒီးယား၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

၂၀၂၀ ပြည့်နှစ်မှစတင်၍ ပီလောပီနံအထွက်နှုန်း သိသာစွာ မြင့်တက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ပီလောပီနံ စိုက်ပျိုးမြေနေရာ ၆၆၃,၉၂၉ ဟက်တာ ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် မြေနေရာ ၇၇၄,၈၄၃ ဟက်တာ အထိရှိလာကြောင်း၊ အထွက်နှုန်း

အနေဖြင့် တန်ချိန် ၁၂ ဒသမ ၆၈ သန်းမှ တန်ချိန် ၁၅ ဒသမ ၉၅ သန်း အထိ တိုးလာကြောင်း ပြီးခဲ့သည့် ရက်သတ္တပတ်က ထုတ်ဝေခဲ့သည့် iTrade Bulletin တွင် ဖော်ပြထားသည်။

လက်ရှိကမ္ဘောဒီးယားတွင် ပီလောပီနံ ထုတ်ကုန်ထုတ်လုပ်သည့် စက်ရုံ ၁၆ ခုရှိပြီး နိုင်ငံတကာဈေးကွက်သို့ကုမ္ပဏီ ၂၀ ကျော်ကတင်ပို့လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၅ ခုနှစ် အတွင်း ပီလောပီနံတင်ပို့မှု ၂၀၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ပီလောပီနံ အစိုနှင့် အခြောက် တင်ပို့မှု ၂၁၆ ရာခိုင်နှုန်းမြင့်တက်လာပြီး ပီလောပီနံအမှုန့်တင်ပို့မှု ၇၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ပီလောပီနံအစိုနှင့် အခြောက်ကို အဓိကဦးဆောင် တင်ပို့နေသည့် ကမ္ဘာ့နိုင်ငံများအနက် ကမ္ဘောဒီးယားသည် ထိပ်တန်းနိုင်ငံတစ်ခုဖြစ်ကာ ပြည်ပတင်ပို့မှုမှ ဒေါ်လာသန်း ၆၉၀ ရရှိခဲ့ပြီး ကမ္ဘာ့ဈေးကွက်၏ ၃၄ ဒသမ ၇ ရာခိုင်နှုန်း ရရှိထားကြောင်း သိရသည်။

ကမ္ဘောဒီးယားသည် ပီလောပီနံ အမှုန့်တင်ပို့မှုတွင် စတုတ္ထနေရာ၌ ရပ်တည်နေပြီး ဒေါ်လာ ၂၈ သန်းနီးပါး ရရှိခဲ့ကာ ကမ္ဘာ့ဈေးကွက်၏ သုည ဒသမ၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်းသိရသည်။

ပီလောပီနံ အစိုနှင့် အခြောက်အား ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်နှင့် မလေးရှားနိုင်ငံ များသို့ အဓိကတင်ပို့လျက်ရှိပြီး ပီလောပီနံအမှုန့်အား တရုတ်၊ ဗီယက်နမ်၊ အမေရိကန်ပြည်ထောင်စု၊ နယ်သာလန်၊ ကနေဒါ၊ စင်ကာပူနှင့် အီတလီနိုင်ငံများသို့ အများဆုံး တင်ပို့လျက်ရှိကြောင်း သိရသည်။

၂၀၃၀ ပြည့်နှစ်ကုန်အထိ ပီလောပီနံတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ၂ ဘီလီယံနှင့် ပီလောပီနံအမှုန့် တင်ပို့မှုမှ ဒေါ်လာ ၂၆ သန်း အသီးသီးရရှိနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ပီလောပီနံအား စားသောက်ကုန်အမျိုးမျိုးတွင်အသုံးပြုလျက်ရှိပြီးပီလောပီနံမှ ထွက်ရှိသည့် စွန့်ပစ်ကုန်ကြွင်းအား တိရစ္ဆာန်အစားအစာ၊ သဘာဝဓာတ်မြေဩဇာ၊ ဇီဝလောင်စာနှင့် ဇီဝနည်းပညာထုတ်ကုန်အမျိုးမျိုးတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လထုတ် Government's Industrial Development Policy ၂၀၁၅ –၂၀၂၅ နှင့် ကိုက်ညီမှုရှိစေရန်၊ ပီလောပီနံထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် ပြည်ပတင်ပို့မှု ဈေးကွက်အလားအလာ ပိုမိုရရှိစေရန်အတွက် ကမ္ဘောဒီးယားတွင် National Cassava Policy ၂၀၂၀ –၂၀၂၅ ကို ထုတ်ပြန်ကြေညာထားကြောင်းသိရသည်။

အဆိုပါ မူဝါဒအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့တို့ ပူးပေါင်းရေးဆွဲထားပြီး စီးပွားရေးတိုးတက်စေရန်၊ ဆင်းရဲမှုလျော့ချရန်နှင့် Government's Industrial Development Policy ၏ ပန်းတိုင်များ ပြည့်မီစေရန် မျှော်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။

**Source: PhnomPenhpost,30March2026**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

## ဈေးနှုန်းထိန်းချုပ်မှုစာရင်းတွင် ရေသန့်ဘူးများကိုလည်း ထိုင်းအစိုးရ ထည့်သွင်း



(Bangkok Post file photo)

အရှေ့အလယ်ပိုင်းစစ်ပွဲကြောင့် ဖြစ်ပေါ်လာသော ကုန်ကျစရိတ်ဖိအားများကြောင့် မလိုလားအပ်သော ဈေးနှုန်းမြင့်တက်မှုများမဖြစ်စေရန်အတွက် ပလတ်စတစ်အလုံးများနှင့်အတူ ရေသန့်ဘူးနှင့် အရသာမှုန့်တို့ကိုလည်း ဈေးနှုန်းထိန်းချုပ်မှုစာရင်းတွင် ထိုင်းအစိုးရက ထည့်သွင်းခဲ့သည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဆူဖာဂျီး ဆူထမ်ပန်လက်မှတ်ရေးထိုးပြီး တော်ဝင်ပြန်တမ်း၌ ထုတ်ပြန်ခဲ့သော ကုန်စည်နှင့် ဝန်ဆောင်မှုဈေးနှုန်းများဆိုင်ရာ ဗဟိုကော်မတီ၏ ကြေညာချက်အရ ဈေးနှုန်းထိန်းချုပ်မှုများသည် တစ်နှစ်ကြာ အကျိုးသက်ရောက်မည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းပဋိပက္ခကို တွက်ဆအကဲဖြတ်ပြီးနောက် မတ်လ ၂၅ ရက်နေ့တွင် ကော်မတီက ဆုံးဖြတ်ချက်ချခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်ပွဲသည် စွမ်းအင်နှင့် ကုန်ကြမ်းပစ္စည်းဆိုင်ရာ ကုန်ကျစရိတ်များအပေါ် သက်ရောက်ခဲ့ပြီး အထူးသဖြင့် ရေနံနှင့် ထုပ်ပိုးပစ္စည်းလုပ်ငန်းများကို ထိခိုက်စေခဲ့သည်။

ရလဒ်အနေဖြင့် အမြတ်ကြီးစားခြင်းနှင့် မမျှတသော ဈေးနှုန်း၊ ရောင်းချမှုအခြေအနေများနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များကို အရာရှိများက ကာကွယ်လိုခဲ့ကြသည်။

ဈေးနှုန်းထိန်းချုပ်မှုစာရင်းတွင် ပါဝင်သော ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် ဈေးနှုန်းများတိုးမြှင့်လိုပါက ၎င်းတို့၏ ကုန်ကျစရိတ်အသေးစိတ်အချက်အလက်များကိုပြည်တွင်းကုန်သွယ်ရေးဗဟိုဌာနသို့ တင်ပြ၍ကြိုတင်ခွင့်ပြုချက်ယူရမည် ဖြစ်သည်။

ပလတ်စတစ်စေ့များအတွက် ထိန်းချုပ်မှုများတွင် ပလပ်စတစ်ဘူးများကဲ့သို့သော ထုပ်ပိုးမှုများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည့် ပိုလီသိုင်လင်း (ပီအီး)၊ ပိုလီပရိုပိုင်လင်း (ပီပီ) နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မကြာသေးမီက ၎င်း၏ ဈေးနှုန်းထိန်းချုပ်ရေး စာရင်းကို ပစ္စည်း ၅၉ မျိုးမှ ၇၁ မျိုးအထိ တိုးချဲ့ခဲ့သည်။

အများစုမှာ မရှိမဖြစ် လိုအပ်သော အစားအစာ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် အိမ်သုံးပစ္စည်းများဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှင့် လူနေမှုစရိတ်ကို စီမံခန့်ခွဲရန် တင်းတင်းကျပ်ကျပ်စောင့်ကြည့်ခဲ့သည်။

**Source : ဗန်ကောက်ပို့စ်**

**Popular News Journal**

## STOCK EXCHANGE (8.4.2026)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Apr. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,000 (Shares) | 34,392,650 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,000 | +0 | +0.00% | 13,000 | 13,000 | 13,000 | 270 | 3,510,000 | 33,109,694 | 430,426 |
| MTSH | 00002 | 6,200 | +0 | +0.00% | 6,200 | 6,200 | 6,200 | 169 | 1,047,800 | 38,929,150 | 241,361 |
| MCB | 00003 | 9,300 | -200 | -2.11% | 9,300 | 9,300 | 9,300 | 995 | 9,253,500 | 10,400,986 | 96,729 |
| FPB | 00004 | 4,100 | -100 | -2.38% | 4,100 | 4,100 | 4,100 | 2,750 | 11,275,000 | 29,664,613 | 121,625 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 19 | 61,750 | 12,823,224 | 41,676 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,800 | 748 | 1,356,300 | 19,977,223 | 36,958 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 0 | 0 | 10,497,598 | 41,466 |
| MAEX | 00008 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,800 | 2,049 | 7,888,300 | 23,804,946 | 91,649 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 8th Apr, 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 584.19 | -2.68 | -0.46% | 586.87 | 586.87 | 583.56 | 7,000 | 34,392,650 | 8 | 1,101,890 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 9th Apr, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,636 (Shares) | 20,307,150 (MMK) |

| MYANPIX | 590.79 ▲ 6.60 |
|---|---|
| Total Volume (shares) | 5,636 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,114,343 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,000 | ▲ 0 |
| MTSH | 00002 | 6,200 | ▲ 0 |
| MCB | 00003 | 9,500 | ▲ 200 |
| FPB | 00004 | 4,200 | ▲ 100 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,900 | ▲ 50 |